Inya
Economics



# မြန်မာနိုင်ငံ၏ COVID-19 ပပျောက်ရေး လုပ်ငန်းစဉ်များအပေါ် နိုင်ငံရေးရိုက်ခတ်မှု


May Thu Aung
May Me Me Ko
Thu Thaung Htut



August 2021



Photo: Myanmar Pressphoto Agency (2021)

# မြန်မာနိုင်ငံ၏ COVID-19ပပျောက်ရေး လုပ်ငန်းစဉ်များအပေါ် နိုင်ငံရေး ရိုက်ခတ်မှု

COVID19၏ သက်ရောက်မှုမှာ အလွန်ကြီးမားလှပြီး၊ ထိုသက်ရောက်မှုကြောင့်ပင် တစ်ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးကျဆင်းမှု၊ များစွာသော အသက်ဆုံးရှုံးမှုများနှင့် ဆင်းရဲနွမ်းပါးမှုများ ဖြစ်ပေါ်နေလျှက်ရှိသည်။ ယခုအခါ မြန်မာနိုင်ငံတွင် နိုင်ငံရေး အခြေအနေများကြောင့် ယခင်ကထက် တိုင်းပြည်၏ ကျန်းမာရေးနှင့် လူသားလုံခြုံရေးများ လျော့နည်းလာစေရုံသာမက COVID-19 ကာကွယ်ဆေးထိုးနှံမှုအစီစဉ်များကိုလည်း နှောင့်နှေးကြန့်ကြာစေသည်။ ထို့မျှသာမက နိုင်ငံ၏ COVID-19 ကူးစက်မှုနှင့် သေဆုံးနှုန်းမှာလည်း တိုးပွားလာသောကြောင့် နိုင်ငံအတွင်း COVID-19 တတိယလှိုင်းဖြစ်ပွားမှုဟာ ပိုမိုဆိုးရွာလာခဲ့သည်။

## ယခင်အစိုးရလက်ထက်တွင် COVID-19ထိန်းချုပ်မှုနှင့်ကာကွယ်မှု

မြန်မာနိုင်ငံတွင် ပထမဦးဆုံးသော COVID-19 လူနာနှစ်ယောက်ကို မတ်လ(၂)ရက်နေ့တွင် အတည်ပြုခဲ့ပါသည်။ ထိုအတည်ပြုချက်အပြီးတွင် NLDအစိုးရမှ COVID-19 ထိန်းသိမ်းမှုနှင့် အရေးပေါ်အခြေအနေ တုံ့ပြန်မှုကော်မတီသို့ "COVID-19 ပိုးရှိလူနာအသစ်များကို ရှာဖွေဖော်ထုတ်ခြင်း၊ ကွာရန်တင်းထားခြင်းနှင့် မြို့အလိုက် အပြင်မထွက်ရ အမိန့်များ ချမှတ်ခြင်း"တို့ကို အရေးတယူ ဆောင်ရွက်ရန် ညွှန်ကြားခဲ့သည်။ တရားဝင် ထုတ်ပြန်ထားသော အချက်အလက်များအရ ၂၀၂၀ ခုနှစ်၊ မေလ(၁၈)ရက်တွင် COVID-19 အတည်ပြုလူနာ ၁၈၇ ယောက်နှင့် သေဆုံးသူ ၆ ယောက် အထိရှိခဲ့ပါသည်။




မှတ်ချက်၊ အထက်ပါပုံသည် စုဆောင်း၍ ရရှိသော အချက်အလက်များမှတဆင့် စာရေးသူများက ပြန်လည်ပုံဖော်ရေးဆွဲထားခြင်းဖြစ်သည်။


ယခင် NLDအစိုးရသည်  COVID-19 ကူးစက်မှုကို ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအတွက် အထူးဂရုပြုဆောင်ရွက်ခဲ့သည်။ ထို့အပြင် COVID-19 ဖြစ်ပွားနေစဉ်အတွင်း ပြည်သူများ၏ စားဝတ်နေရေးကိုလည်း အစိုးရ၏အင်အား၊ လူထုအကျိုးပြု အဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပြည်တွင်းပြည်ပမှ အလှူရှင်များ စုပေါင်း၍ ကူညီထောက်ပံ့ခဲ့ကြသည်။ ကူးစက်မှုများ လျော့ကျစေရန်အတွက် နိုင်ငံတွင်းနှင့် အပြည်ပြည်ဆိုင်ရာလေကြောင်း ခရီးစဉ်များသာမက လူထုစုရုံးမှုများကိုလည်း ပြင်းပြင်းထန်ထန် ကန့်သတ်ချက်များ ချမှတ်ခဲ့သည်။ ထိုကဲ့သို့သော ထိန်းချုပ်မှုများကြောင့်ပင် အစိုးရသည် ကိုဗစ်ပထမလှိုင်းနှင့် ဒုတိယလှိုင်းများကို တတ်စွမ်းသမျှ ကောင်းမွန်စွာ ထိန်းချုပ်နိုင်ခဲ့သည်ကို တွေ့ရှိခဲ့ရသည်။

COVID-19 ကာကွယ်ဆေးနှင့် ပတ်သက်၍လည်း ယခင်NLDအစိုးရသည် ၂၀၂၃ခုနှစ်တွင် နိုင်ငံအတွင်းရှိ စုစုပေါင်း လူဦးရေအားလုံးကို ကာကွယ်ဆေးထိုးပေးနိုင်ရန် အစီအစဉ် “Grand Plan” ကို စီစဉ်ထားရှိခဲ့ပါသည်။ ပထမဦးစားပေးအနေဖြင့် ရှေ့တန်းမှ ကျန်းမာရေး ဝန်ထမ်းများနှင့် သက်ကြီးရွယ်အိုများ၏ ၄၀ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးပေးနိုင်ရန် အာဏာပိုင်များက ကြိုတင်မှန်းဆ၍ အစီအစဉ်များ ချမှတ်ခဲ့ပါသည်။ ၂၀၂၀ခုနှစ်၊ ဒီဇင်ဘာ ၂၄ ရက်တွင် မြန်မာနိုင်ငံအစိုးရသည် India’s serum institute မှ Oxford Astrazeneca ထိုးဆေး (သန်း ၃၀) ကို ဝယ်ယူရန်အတွက် အိန္ဒိယအစိုးရနှင့် လက်မှတ်ရေးထိုးခဲ့သည်။ ထို့အပြင် အိန္ဒိယနိုင်ငံမှ လက်ဆောင်အနေဖြင့် ကာကွယ်ဆေး ၁.၅ သန်း သည် ၂၀၂၁ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ဦးစွာ ရောက်ရှိလာခဲ့ပြီး ကျန်းမာရေးဝန်ထမ်းများ၊ ရှေ့တန်းမှ စေတနာ့ဝန်ထမ်းများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် အစိုးရဌာနရှိ အကြီးအကဲ ပုဂ္ဂိုလ်များအား ပထဦးဆုံးအနေဖြင့် နှစ်ကြိမ်ထိုးပေးခဲ့ပြီး စုစုပေါင်းဦးရေ ၇၅၀၀၀၀ယောက်စာအတွက် လုံလောက်ခဲ့ပါသည်။ ကျန်ရှိနေသော ကာကွယ်ဆေး ၁.၂ သန်းကို ၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလ၏ ပထမအပတ်တွင် ထိုးပေးနိုင်ရန် စီစဉ်ထားသော်လည်း NLD အစိုးရသည် ဖေဖော်ဝါရီ(၁)နေ့တွင် စစ်တပ်၏ အတင်းအဓမ္မအာဏာသိမ်းယူခြင်းကို ရင်ဆိုင်ခဲ့ရပြီး တိုင်းပြည်သည်လည်း စစ်အာဏာရှင်စနစ်၏ အုပ်ချုပ်မှုကို ထပ်မံကြုံတွေ့ရပြန်သည်။

## စစ်တပ်မှအာဏာသိမ်းပြီးနောက်COVID-19ထိန်းချုပ်မှုနှင့်ကာကွယ်မှုအခြေအနေများ

စစ်တပ်မှအာဏာသိမ်းခြင်းကြောင့် ဆရာဝန်များသည် Civil Disobedience Movement (CDM)တွင် ပါဝင်ခဲ့ကြပြီး တရားဝင်ကျန်းမာရေးစောင့်ရှောက်မှုစနစ်မှာ အားနည်းသွားခဲ့သည်။ ကာကွယ်ဆေးထိုးခြင်းအစီအစဉ်များမှာလည်း အချိန်အတန်ကြာရပ်ဆိုင်းခဲ့ရသည်။ ထို့အပြင် ဆန္ဒပြမှုများ ပိုမိုကြီးထွားလာသောအခါ COVID-19 ဗိုင်းရပ်စစ်ဆေးခြင်းနှင့် ကုသခြင်းတို့မှာ လျော့ရဲလာခဲ့သည်။ သို့သော် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဖေဖော်ဝါရီ (၁၀) ရက်နေ့တွင် အိန္ဒိယမှ ကာကွယ်ဆေး ၂သန်း ထပ်ရောက်ကြောင်းနှင့် ကာကွယ် ဆေးထိုးနှံမှု အစီအစဉ်ကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ပြောကြားခဲ့သည်။


အောက်ဖော်ပြပါပုံသည် မြန်မာနိုင်ငံတွင် COVID-19 ကာကွယ်ဆေးကို နှစ်ကြိမ်အပြည့် ထိုးပြီးသူနှင့် တစ်ကြိမ်သာထိုးရသေးသောသူတို့၏ စုစုပေါင်းရာခိုင်နှုန်းကို ဖော်ပြထားခြင်းဖြစ်သည်။ ယင်းပုံကို ကြည့်ခြင်းအားဖြင့် ကာကွယ်ဆေးထိုးနှံမှု ရာခိုင်နှုန်းသည် ယခင်မှန်းဆထားသော ရာခိုင်နှုန်းအောက် လျော့နည်းနေသည်ကို တွေ့ရှိရသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတစ်ဝှမ်းတွင် ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်များကို ဆောင်ရွက်နေသည် ဆိုသော်ငြားလည်း ပြည်သူအများစုသည် ကာကွယ်ဆေးများအပေါ် အယုံအကြည်မရှိကြသလို၊ ဒီမိုကရေစီပြန်မရမချင်း

ကာကွယ်ဆေးမထိုးရန် ဆုံးဖြတ်ထားကြသည်ကိုလည်း တွေ့ရသည်။ ဇွန်လနှောင်းပိုင်းတွင် COVID-19 ပိုးကူးစက်မှုသည် ပြန်လည် ပြန့်ပွားလာပြီး၊ ယခုပိုးအသစ်ကို Delta variant ဟုအမည်ပေးထားပြီး ယခင် Alpha၏ ပြန့်ပွားကူးစက်မှုနှုန်းထက် ၆၀ရာခိုင်နှုန်းပို၍ မြန်သည်ဟု ဖော်ပြထားသည်။ ထိုသို့သောအခြေအနေတွင် မြန်မာနိုင်ငံအနေနှင့် သိသာထင်ရှားသော စိန်ခေါ်မှုတစ်ရပ်မှာ ကျန်းမာရေးဝန်ထမ်းများ၏ CDM လှုပ်ရှားမှုတွင် ပါဝင်သွားခြင်းပင်ဖြစ်သည်။ စစ်အစိုးရသည်လည်း ပြည်သူလူထု၏ အကျိုးထက် အာဏာချုပ်ကိုင်နိုင်မှုအပေါ် ပိုမိုအားစိုက်နေသောကြောင့် COVID-19 ပြန့်ပွားမှု ကို ကောင်းစွာမထိန်းချုပ်နိုင်၊ မကာကွယ်နိုင်ပေ။

အောက်ပါပုံများအရ စစ်တပ်မှအာဏာသိမ်းပြီးနောက် COVID-19 ကူးစက်မှုနှင့်သေဆုံးမှုနှုန်းသည် တဟုန်ထိုးမြင့်တက်သွားသည်ကို တွေ့ရှိရသည်။




ယခင်ဒီမိုကရေစီအစိုးရ၏ မူလကာကွယ်ဆေးထိုးနှံမှု အစီအစဉ် (၂၀၂၁ခုနှစ်တွင် ပျှမ်းမျှ ၆၃ ရာခိုင်နှုန်း ထိုးပြီးရန်)နှင့် နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် ယခု စစ်တပ်အာဏာသိမ်းမှု ပြီးနောက် ကာကွယ်ဆေးစီမံခန့်ခွဲမှု၏ အမှန်တကယ် အကောင်အထည်ဖော်မှု အစီအစဉ်ကို နှိုင်းယှဉ်ကြည့်လျှင် မြန်မာနိုင်ငံတွင် ကာကွယ်ဆေးထိုးပြီးသားရာခိုင်နှုန်းမှာ ၃.၃၈ ရာခိုင်နှုန်းသာရှိသည်။ ထို့အပြင် လက်ရှိတွင်ဖြစ်ပေါ်လျှက်ရှိသည့် အရေးပေါ်အခြေအနေများသည် နိုင်ငံတော်လုံခြုံရေးကို ခြိမ်းခြောက်နေသောကြောင့် အာဏာပိုင်များအနေဖြင့် လူ့အခွင့်အရေး စံချိန်၊ စံညွှန်းများနှင့်အညီ ပြည်သူများ၏ အကျိုးစီးပွားများကို နက်နက်နဲနဲ ထည့်သွင်းစဉ်းစားပေးသင့်သည့်

အခြေအနေဖြစ်ပါသည်။ ယခုတွင် COVID-19 တတိယလှိုင်း၏ ကြီးမားသော ကူးစက်ပြန့်ပွားမှုကို ကောင်းစွာ မကိုင်တွယ်နိုင်သောကြောင့် တိုင်းပြည်သည်လည်း ရှုံးနိမ့်မှုနှင့် ရင်ဆိုင်နေရသည်။ ထို့ကြောင့် လက်ရှိမြန်မာနိုင်ငံတွင် ဖြစ်ပွားနေသော နိုင်ငံရေးကသောင်းကနင်းဖြစ်မှုနှင့် လျှင်မြန်စွာမြင့် တက်လာနေသည့် COVID-19 တတိယလှိုင်း၏ ကူးစက်ပြန့်ပွားမှုများသည် ၂၀၂၀ခုနှစ်တွင် စတင်ဖြစ်ပွားခဲ့သော COVID-19၏ ရိုက်ခတ်မှုများကြောင့် ယိုင်နဲ့ချိနဲ့နေသည့် မြန်မာနိုင်ငံ၏ စီးပွားရေးအပေါ် ပိုမိုဆိုးရွားလျက်ရှိစေပြီး နိုင်ငံအား ကျရှုံးနိုင်ငံတစ်နိုင်ငံကဲ့သို့ ဖြစ်လာနိုင်သည့် အလားအလာများစွာသို့ တည့်တည့်ကြီး ဦးတည်လျက် ရှိနေပါတော့သည်။

## ကိုးကားချက်များ


*40% of Myanmar’s population to be vaccinated against COVID-19 in 2021*. (2021, January 24). The Myanmar Times. https://www.mmtimes.com/news/40pc-myanmars-population-be-vaccinated-against-covid-19-2021.html

Han, S. M., Lwin, K. S., Swe, K. T., Gilmour, S., & Nomura, S. (2021). Military Coup during COVID-19 pandemic and health crisis in Myanmar. *BMJ global health*, *6*(4), e005801.

Ritchie, H. (2020, March 5). *Myanmar: Coronavirus Pandemic Country Profile*. Our World in Data. https://ourworldindata.org/coronavirus/country/myanmar

Ritchie, H. (2020a, March 5). *Coronavirus (COVID-19) Vaccinations - Statistics and Research*.

Our World in Data. https://ourworldindata.org/covidvaccinations?country=OWID_WRL

*Since February Coup, Aid Groups Say*. The News Lens International Edition. https://international.thenewslens.com/feature/myanmar-protest-movement/149596